ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉-၂၀၂၀)


# Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊မော်ချီးစုစည်းကျေးရွာ

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ | မြို့နယ်ပြမြေပုံ | ၃ |
| ၂။ | အုပ်စုမြေပုံ | ၄ |
| ၃။ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ | ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၇ |
| ၆။ | လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၈ |
| ၇။ | လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၉ |
| ၈။ | ဥတုစာနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၀ |
| ၉။ | ဥတုစာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၁ |
| ၁၀။ | ရာသီခွင်ပြဇယား | ၁၂ |
| ၁၁။ | ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၃ |
| ၁၂။ | အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၄ |
| ၁၃။ | အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၆ |
| ၁၄။ | ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၇ |
| ၁၅။ | ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၈ |
| ၁၆။ | အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၁၉ |
| ၁၇။ | အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၀ |
| ၁၈။ | ကော်မတီဝင်များစာရင်း | ၂၁ |
| ၁၉။ | ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၄ |
| ၂၀။ | စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၇ |
| ၂၁။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၈ |
| ၂၂။ | အစည်းအဝေးမှတ်တမ်းများ | ၃၆ |
| ၂၃။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၇ |
| ၂၄။ | ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၃၉ |
| ၂၅။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၄၀ |

# လွိုင်ကော်မြို့နယ်မြေပုံ



လွိုင်ကော်မြို့နယ်
N
စကေး – ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရွာတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလပိုးအုပ်စု | နွားလပိုးစံပြ | |
| ၂။ | နွားလပိုးအုပ်စု | နွားလပိုးရွာမ | |
| ၃။ | နွားလပိုးအုပ်စု | ကယန်းကြခူ | |
| ၄။ | နွားလပိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလပိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလပိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလပိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလပိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလပိုးအုပ်စု | ဒေါခေါ်ခူ | |
| ၁၀။ | နွားလပိုးအုပ်စု | မော်ချီးစုစည်း | |
| ၁၁။ | နွားလပိုးအုပ်စု | ၃ မိုင်ပကြံစံပြ | |
| ၁၂။ | နွားလပိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလပိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလပိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလပိုးအုပ်စု | ထေးပလော်ခူ | |
| ၁၆။ | နွားလပိုးအုပ်စု | ထီရိ | |
| ၁၇။ | နွားလပိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလပိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလပိုးအုပ်စု | သပြေကုန်း | |
| ၂၀။ | နွားလပိုးအုပ်စု | ကျောက်ကြီး(တောင်) | |

လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် စတုတ္ထနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၉-၂၀၂၀) ခုနှစ်

ကျေးရွာအုပ်စုအမည်-**နွားလဝိုး** ကျေးရွာအမည်-မော်ချီးစုစည်း ရက်စွဲ ၂၀.၉.၂၀၁၉

## ၁။ ကျေးရွာသမိုင်းအကြောင်း

မော်ချီးစုစည်းကျေးရွာသည် လှိုင်ဘော်မြို့နှင့်(၆)မိုင်အကွာတွင် တည်ရှိပြီးဧရိယာ အကျယ် အဝန်းမှာ ၆၀.၁၆ ဧကကျယ်ဝန်းပါသည်။ ကရင်လူမျိုးအများဆုံးနေထိုင်သော ကျေးရွာဖြစ်ပြီး ကယား နှင့်ဗမာလူမျိုးများလည်း နေထိုင်ကြပါသည်။ ခရစ်ယာန်ဘာသာ အဓိကကိုးကွယ်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်သူများလည်းရှိပါသည်။ မော်ချီးစုစည်းကျေးရွာကိုယခင်က ပထမဦးဆုံးအနေဖြင့် လယ်ထွဲကျေးရွာမှ ပအိုဝ်းလူမျိုးများကို နေထိုင်ရန်နေရာပေးသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် လာရောက်နေထိုင်ကြခြင်းမရှိပေ။ မော်ချီးစုစည်း ကျေးရွာသည် ၁၉၉၆-၁၉၉၇ ခုနှစ်တွင်ဖားဆောင်းမြို့နယ် မော်ချီးဒေသရှိ ကျေးရွာများမှ နိုင်ငံရေးအခြေအနေကြောင့် ရွှေ့ပြောင်းခံထား ရသောပြည်သူများ ၊ မိမိဒေသ နှင့် မိမိ ကျေးရွာ ၊ အိုးအိမ်များကိုစွန့်ပစ်ထွက်ခွာသွားသူ များအတွက် ငြိမ်းချမ်းရေး အကျိုးတော်ဆောင် ဦးစောဘောနီနှင့် သာသနာ့ခေါင်းဆောင်များနှင့် ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများမှ မော်ချီးစစ်ဘေးရှောင် ပြည်သူများအတွက် ပြန်လည်နေရာချထားပေးသော ကျေးရွာဖြစ်သည်။ ဦးစောဘောနီသည် မော်ချီးမှ ကရင်လူမျိုးများအပြင် ကယား၊ ဗမာ စသောလူမျိုးများ ကိုလည်းမခွဲခြားဘဲ မြေနေရာပေးထားပါသည်။ အချို့မှာမြေနေရာသာ ယူထားသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ရေ ၊ မီး အဆင်မပြေသောကြောင့်လာရောက်နေထိုင်ကြခြင်းမရှိကြပါ။ ၂၀၁၀ ခုနှစ်မှသာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ လျှပ်စစ်မီးများကိုကိုယ်ထူကိုယ်ထ ဆောင်ရွက်လာနိုင်ခြင်းကြောင့် အချို့သောသူများမှာ ကျေးရွာတွင်ပြန်လည်နေထိုင်လာခဲ့ကြပါသည်။ ၂၀၁၀ခုနှစ်နောက်ပိုင်းမှ ကျေးရွာတွင် ဌာနဆိုင်ရာနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများကူညီပေးမှုကြောင့် ကျေးရွာသည်များစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။

မော်ချီးစုစည်းကျေးရွာရှိ ကျေးရွာသူ/ကျေးရွာသားများသည် ဖာလာစိုက်ပျိုးခြင်းနှင့် ခဲလုပ်ငန်း လုပ်ကိုင်ခြင်း တို့ကိုမော်ချီးဒေသတွင် သွားရောက်လုပ်ကိုင်ကြပါသည်။ မော်ချီးဒေသ တွင်အလုပ်အကိုင် သွားရောက်လုပ်ကိုင်သူများသောကြောင့် ကျေးရွာတွင်အိမ်ခြေများစွာရှိသော်လည်း လူအနည်းစုသာ ရှိနေခဲ့ပါသည်။ ကျေးရွာရှိနေထိုင်သူများသည် ဖားဆောင်းမြို့နယ် မော်ချီးဒေသ အနီးရှိ ကျေးရွာများ ဖြစ်သော ရွာသဲဒို၊ ကွာခီး၊ ဘူးခို၊ ဖလိုးထီး၊ ကောသူဒိုး၊ လိုခါးလို စသောကျေးရွာများမှပြောင်းရွှေ့ပြီး လာရောက်နေထိုင်သူများဖြစ်ပါသည်။ မော်ချီးဒေသမှ ကျေးရွာလူထုအများစုမှ လာရောက်စုစည်း နေထိုင်ကြသောကြောင့် မော်ချီးစုစည်းကျေးရွာ ဟုခေါ် ကြခြင်းဖြစ်သည်။


ကျေးရွာတွင် လာရောက်နေထိုင်သူများ များပြားလာသည်နှင့် အမျှ တိုင်းရင်းသားများလဲ စုံလင်လာပြီ ဖြစ်ပါသည်။လွှိုင်ကော် မြို့မှလဲ လာရောက်နေထိုင်သူများရှိလာပါသည်။

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့်အကဲဖြတ်လုပ်ငန်းစဉ်( PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (Social Map/ Resource Map) | ၂၀.၉.၂၀၂၃ | ရပ်မိ/ရပ်ဖကော်မတီဝင်များ | ၁၄ | ၃၁ | ၄၅ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊မြစ်ချောင်း၊ရေတွင်းရေကန်သစ်တောများ |
| ၂။ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်(Wealth Ranking) | ၂၀.၉.၂၀၂၃ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စု | ၁၄ | ၃၁ | ၄၅ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံ စံနှုန်း များ သတ် မှတ်ခြင်း၊ကျေးရွာသားများနှင့်အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း၊ |
| ၃။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၀.၉.၂၀၂၃ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၁၄ | ၃၁ | ၄၅ | အမျိုးသမီးနှင့်အမျိုးသားများ ပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့)အရင်းအမြစ်များကိုသုံးသပ်ခြင်း |
| ၄။ | ရာသီခွင်ပြက္ခဒိန်(Seasonal Calender) | ၂၀.၉.၂၀၂၃ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၁၄ | ၃၁ | ၄၅ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊ မွေးမြူရေးလုပ်ငန်းများ၊ |
| ၅။ | ပင့်ကူအိမ်ကွန်ယက်(SPider Web) | ၂၀.၉.၂၀၂၃ | အမျိုးသမီး၊အမျိုးသားများ | ၁၄ | ၃၁ | ၄၅ | အမျိုးသမီး၊အမျိုးသားများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့်အကြောင်းအရင်းများ၊ |
| ၆။ | အဖွဲ့အစည်းချိတ်ဆက်ပုံ (venn Diagram) | ၂၀.၉.၂၀၂၃ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့ | ၁၄ | ၃၁ | ၄၅ | ကျေးရွာတွင်းရှိ အဖွဲ့ အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

# ကျေးရွာ၏ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်း

မြို့နယ် - **လှိုင်ကော်**　ကျေးရွာအုပ်စု - **နွားလပိုး**　ကျေးရွာ - **မော်ရှီးစုစည်း**　ရက်စွဲ -**၂၀.၉.၂၀၁၉**



**ပါဝင်ဆွေးနွေးသူ -**

ကျား -　၁၄

မ -　၃၁

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး -လူထုစည်းရုံးရေးမှူး

## လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

မော်ချီးစုစည်းကျေးရွာတွင် အိမ်ခြေ (၆၃) အိမ် ရှိပြီဖြစ်ပြီး ကရင်လူမျိုး အများဆုံး နေထိုင်ကြပါသည်။ ကယားလူမျိုး နှင့် ဗမာလူမျိုး များလည်း နေထိုင်ကြပါသည်။ ခရစ်ယာန်ဘာသာ အဓိကကိုးကွယ်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်သူများလည်းရှိပါသည်။ ဖလာစိုက်ပျိုးခြင်းလုပ်ငန်းနှင့်ခဲလုပ်ငန်းများကို အဓိကလုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုကြသောကျေးရွာဖြစ်ပါသည်။ ကျေးရွာရှိအိမ်ထောင်စုအများစုသည် မော်ချီးဒေသတွင် ရှိသောခြံများတွင် ဖာလာစိုက်ပျိုးခြင်းကို အဓိကသွားရောက်လုပ်ကိုင်ကြပြီးအချို့မှာ မော်ချီးတွင်ခဲတူးခြင်း၊ မော်တော်ယာဉ်လုပ်ငန်း ၊ဈေးဆိုင်ရောင်းခြင်း ၊ ပန်းရံ၊ လက်သမား လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ အချို့မှာ ဘောလခဲမြို့နယ်ရှိ တောင်ယာတွင် နှမ်း၊ ပြောင်း၊ စပါး စသည့် တို့ကိုစိုက်ပျိုးကြပါသည်။ ထို့သို့အခြား ဒေသတွင်သွားရောက်စိုက်ပျိုးရခြင်းမှာ မော်ချီးစုစည်းကျေးရွာ အနီးတွင်လုပ်ကိုင်စားသောက်ရန်အတွက် မြေနေရာမရှိသောကြောင့်ဖြစ်ပါသည်။

ကျေးရွာတွင်စာသင်ကျောင်းနှင့်ဆေးပေးခန်းများမရှိပါ။ ကလေးငယ်များအတွက် မူကြိုကျောင်းသာ ရှိပါသည်။ ကလေးများသည် မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းပညာရပ်များကို အနီးတွင်ရှိသော နွားလပိုးရွာမကျေးရွာရှိ အထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားကြပါသည်။ ကျန်းမာရေးနှင့် ပတ်သက်ပြီး ဆေးပေးခန်းမရှိသောကြောင့် ကျန်းမရေးပြဿနာရှိပါက နွားလပိုးရွာမကျေးရွာရှိ ဆေးခန်းတွင်သာ သွားရောက် ဆေးကုသမှုခံယူကြပါသည်။ အရေးပေါ်ကျန်းမာရေးအခြေအနေနှင့်ကြုံတွေ့ပါက လွိုင်ကော် ဆေးရုံကြီးတွင်သာ သွားရောက်ဆေးကုသမှုခံယူကြပါသည်။ ကျေးရွာအတွင်းရှိလမ်းများမှာ မြေသား လမ်းများသာဖြစ်ပြီး ကျောက်ချောလမ်းလေးလမ်း ရှိပြီဖြစ်ပါသည်။ထိုကျောက်ချောလမ်းများမှ၂လမ်းကို ကျေးရွာလူထုများမှ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ကြပါသည်။ ကျန်တစ်လမ်းကို လူထုဗဟိုပြု စီမံကိန်းမှငင်း၊ ပြည်နယ် နတလ မှငင်း ဆောင်ရွက်ပေးခဲ့ပါသည်။ ကျေးရွာအတွင်း ကျောက်ချောလမ်း များရှိပါသော်လည်း လုံလောက်မှု အားနည်းနေပါသည်။ ကျန်မြေသားလမ်းများသည် မိုးရာသီတွင် ဗွက်ထူပြီး ရေဝပ်သောကြောင့် ကလေးများကျောင်းသွားရာတွင် အခက်အခဲများရှိပါသည်။ နွေရာသီတွင်ကျေးရွာတွင် ရေတွင်းများမှ ရေများခမ်းသောကြောင့်သောက်သုံးရေ လုံလောက်မှုမရှိပါ။ အချို့မှာ ရေဝယ်ယူသုံးစွဲရပြီး အချို့မှာ နီးစပ်ရာကျေးရွာတွင် သွားရောက်ခပ်ယူသုံးစွဲကြပါသည်။ တစ်ခါတစ်ရံတွင် လူမှုကူညီရေး အသင်းများမှ ကျေးရွာလူထု အတွက် ရေများလာရောက်လှူဒါန်းကြပါသည်။

ကျေးရွာလူထုအများစုမှာ မော်ချီး ဒေသ ရှိခဲကျင်းလုပ်ငန်းကိုသွားရောက်လုပ်ကိုင်ကြသည်။ ထိုသို့ သွားရောက် လုပ်ကိုင် ရခြင်းမှာ ဝင်ငွေပို ရရှိခြင်း ကြောင့် ဖြစ်ပါသည်။အချို့မှာ နီးစပ်ရာ ဒေသသို့ သွားရောက်၍ ကျပန်းအလုပ်များလုပ်ကိုင်ကြသော်လည်း ကျေးရွာ၏ သာရေး/နာရေး နှင့် လူမှုရေးများတွင်မူ အမျိုးသား၊ အမျိုးသမီး လူမျိုး ဘာသာမခွဲခြားဘဲအတူတကွလုပ်ဆောင်ကြပါသည်။

# ဥစ္စာဓနအဆင့်ခွဲခြားမှုစံနမူနာပုံစံ

မြို့နယ်-**လှိုင်ကော်** ကျေးရွာအုပ်စု- **နွားလပိုး** ကျေးရွာ - **မော်ရှိုးစုစည်း** ရက်စွဲ ၂၀.၉.၂၀၁၉

| **အမျိုးအစား** | **သတ်မှတ်ချက်/ညွှန်းကိန်းများ** | **အိမ်ထောင်စု အရေအတွက်** | **ရာခိုင်နှုန်း** |
|---|---|---|---|
| ချမ်းသာ | ကား၊ထော်လော်ဂျီ၊ ဆိုင်ကယ် (၂)စီး၊ ဖုန်း၊ တီဗီ၊ ပွဲရုံ၊ ဖာလာခြံ ၊ခဲတွင်း၊ တိုက်အိမ် | ၂၆ | ၄၁% |
| အလယ်အလတ် | သုံးဘီး၊ဆိုင်ကယ်(၁)စီး၊အိမ်ဆိုင်၊ပျဉ်ထောင်အိမ်၊ဖုန်း၊တီဗီ ၊ပန်းရုံ၊ လက်သမား အိမ်ထောင်မိသားစုများ | ၁၄ | ၂၂% |
| ဆင်းရဲ/နွမ်းပါး | ထန်ရုံအိမ်၊စက်ဘီး၊ဆိုင်ကယ်(၁)စီး၊ ဖုန်း၊တီဗီ | ၁၃ | ၃၇% |
| | **စုစုပေါင်း** | **၆၃** | **၁၀၀%** |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၁၄

မ - ၃၁

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး -လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်










မော်ချီးစုစည်းကျေးရွာ၏ ဥစ္စာဓနကြွယ်ဂမှုကို အဆင့်(၃)ဆင့်သတ်မှတ်ထားကြပါသည်။ ယခုနှစ်တွင် အိမ်ခြေနှင့် အိမ်ထောင်စုအရေအတွက်(၆၄)အိမ်ရှိသည့်အနက် အိမ်ခြေ(၂၆)မှာ ချမ်းသာအဆင့် ၊ အိမ်ခြေ(၁၄)မှာ အလယ်အလတ် အဆင့်တွင်ရှိပြီးအိမ်ခြေ(၁၃)အိမ်မှာ ဆင်းရဲအဆင့်တွင်ရှိသည်ဟု သတ်မှတ်ထားကြပါသည်။

ဥစ္စာဓနကြွယ်ဂမှုကို အဆင့်(၃)ဆင့် အနက် ချမ်းသာသောအဆင့်တွင်ရှိသော အိမ်ခြေ (၂၆) အိမ်မှာ ကား၊ ဖာလာခြံ၊ ခဲတွင်း၊ ပွဲရုံ၊ ဆိုင်ကယ် (၂)စီး၊ တီဗီ၊ ဖုန်းစသည့်တို့ကို ပိုင်ဆိုင်ပြီး နေအိမ်အနေအထားမှာ တိုက်အိမ်နှစ်ထပ်ဖြင့်နေထိုင်ကြပါသည်။ အလယ်အလတ်အဆင့်တွင် ရှိသော အိမ်ခြေ (၁) အိမ်တွင် ဆိုင်ကယ် (၁)စီး၊ ဖုန်း၊ တီဗီ၊ အိမ်ဆိုင်၊ ပန်းရံ၊ လက်သမားကျွမ်းကျင်သူများ၊ သုံးဘီး ပိုင်ဆိုင်ထားကြပြီး နေအိမ်အနေ အထားမှာ ပျဉ်ထောင်အိမ်နှင့်သာနေထိုင်ကြပါသည်။ ဆင်းရဲနွမ်းပါးပြီး စားဂတ်နေရေးအဆင်မပြေသော အိမ်ထောင်မိသားစု (၁၅) အိမ်မှာ ဆိုင်ကယ်၊ တီဗီ၊ ဖုန်း၊စက်ဘီး ပိုင်ဆိုင်ကြပြီး နေအိမ်အနေအထားမှာ ထန်းရုံအိမ်ဖြင့်သာနေထိုင်ကြပါသည်။

ဆင်းရဲပြီးနွမ်းပါးရခြင်းနှင့် စားဂတ်နေရေး မပြေလည်သည့် အကြောင်းအရင်းမှာ ခြံ ပိုင်ဆိုင်မှု နည်းပါးခြင်း၊ အလုပ်အကိုင်အတည်တကျမရှိခြင်းနှင့် အလုပ်လုပ်သူနည်းပြီး မိသားစုဦးရေများခြင်း စသည်တို့ ကြောင့်ဖြစ်ပါသည်။အချို့သောသူများ မှာလယ်ယာမဂယ်နိုင်ခြင်း နှင့် ရင်းနှီးငွေမရှိခြင်းတို့ကြောင့်စားဂတ်နေရေး မပြေလည်ကြပေ။ ထိုသို့စားဂတ်နေရေးမပြေလည်သောကြောင့် အမျိုးသားများသည် စိုက်ပျိုးရာသီ နားသော အချိန်တွင် ပန်းရံ၊လက်သမားလုပ်ငန်းများ၊မော်တော်ယဉ်မောင်းခြင်းစသောလုပ်ငန်းများ လုပ်ကိုင်ကြပြီး စားဂတ်နေရေးပြေလည်စေရန် တစ်ဖက်တစ်လှမ်းမှ ဂင်ငွေ ရရှိစေရန် ဆောင်ရွက်ဖြေရှင်းခဲ့ကြပါသည်။ ထိုသို့စားဂတ်နေရေးအခက်အခဲများ ကြုံတွေ့သောအခါတွင် အခြားအဆင်ပြေသောသူများထံမှ သွားရောက် ချေးငှားရပြီး နောက်နှစ်သီးနှံပေါ်ချိန် နှင့်စားဂတ်နေရေးအဆင်ပြေမှသာ အကြွေးများ ပြန်လည်ဆပ်ကြရပါသည်။ ရာသီဥတုကောင်းမွန်သောနှစ်တွင် စားဂတ်နေရေးအဆင်ပြေပြီး မိသားစုအတွက်တစ်နှစ်တာ စားဂတ်နေရေး အတွက်လုံလောက်မှုရှိပါသည်။

အလုပ်အကိုင် ရှားပါးခြင်း၊ အသိပညာဗဟုသုတ နည်းပါးခြင်းများနှင့် သတင်းအချက်အလက် ချိတ်ဆက်မှု အားနည်းခြင်းတို့ကလည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါသည်။ ချမ်းသာအဆင့် အချို့မှာ ယခုနှစ် အတွင်းတွင် လာရောက်နေထိုင်ကြသော အခြားဒေသမှ လူများဖြစ်ကြပါသည်။ ရွာခံ အိမ်ခြေအများစုမှာ ယခု အချိန်အထိ တိုးတက်ပြောင်းလဲမှုအားနည်းနေပါသည်။

# ရာသီစွင်ပြ ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | | | ဖလာစိုက်။စပါးစိုက်၊ပြောင်းစိုက်၊ နှမ်းစိုက် ပါင်းလိုက် | | | စပါးရိတ်၊ပြောင်းရိတ်သိမ်း နှမ်းခုတ်၊ဖာလာခူး | | | | | | |
| ဝင်ငွေ | | | | | | | | $$$ | $$$ | $$ | $$ | |
| ထွက်ငွေ | $$ | | $$ | | | | $$ | $$ | $$$ | $$ | $$ | |
| ကျန်းမာရေး | | ဝမ်းပျက်ဝမ်းလျော | | | | | | တုတ်ကွေး နှာစေး၊ချောင်းဆိုး | | | | |
| ပွဲလမ်းသဘင် | | | | | | | သီတင်းကျွတ်ပွဲ | | ခရစ္စမတ်ပွဲ | နှစ်သစ်ကူးပွဲ | | |
| သောက်သုံးရေရရှိမှု | ရေရှားပါးခြင်း | | | | | | | | | | | ရေရှားပါးခြင်း |
| အစားအစာဖူလုံမှု | | | အသီးအရွက်များပေါများခြင်း | | | | | | | | | |
| အားလပ်ချိန် | အလုပ်ပါးချိန် | | | | | | | | | | | အလုပ်ပါးချိန် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၃၁

မှတ်တမ်းတင်သူ

အမည်- ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး -လူထုစည်းရုံးရေးမှူး

# ရာသီစွင်ပြ ပြက္ခဒိန်

မော်ချီးစုစည်းကျေးရွာ၏အဓိက စိုက်ပျိုးသောသီးနှံမှာ ဖာလာ၊ စပါး၊ နှမ်း၊ ပြောင်းတို့ကို စိုက်ပျိုးကြပါသည်။ ထိုသီးနှံများကို မော်ချီးစုစည်းကျေးရွာအနီးတွင် စိုက်ပျိုးခြင်း မဟုတ်ဘဲ ဘောလခဲ နှင့် မော်ချီးဒေသအနီးရှိ ကျေးရွာများတွင် သွားရောက်စိုက်ပျိုးကြပါသည်။ ထို့ကြောင့်စိုက်ပျိုးရာသီနှင့် ရိတ်သိမ်းသော ကာလများတွင် အမျိုးသားများသည် လုပ်ငန်းသွားရောက်လုပ်ကိုင်ကြသောကြောင့် ကျေးရွာတွင် ကျောင်းနေ ကလေးငယ်များနှင့် အမျိုးသမီးများသာ ကျေးရွာတွင်ကျန်ရှိနေခဲ့ကြပါသည်။ မေလ၊ ဇွန်လတွင် ဖာလာ၊ ပြောင်း၊ နှမ်း၊ စပါး တို့ကိုစတင်စိုက်ပျိုးကြပြီး ဇူလိုင်လ၊ သြဂုတ်လများတွင် ပေါင်းလိုက်ကြပါသည်။ အောက်တိုဘာလ၊ နိုဝင်ဘာလ တွင် စပါးရိတ်သိမ်းခြင်း၊ နှမ်းခုတ်ခြင်း၊ ပြောင်း၊ ဖာလာခူးခြင်း စသည့်တို့ကိုလုပ်ဆောင်ကြပါသည်။

ဝင်ငွေများအနေဖြင့် စပါး၊ပြောင်း ၊နှမ်း၊ ဖာလာ ခူးပြီး ရိတ်သိမ်းပြီးရောင်းသည့်လဖြစ်သော အောက်တိုဘာလနှင့် ဒီဇင်ဘာလတွင် ဝင်ငွေအများဆုံးရရှိသောလဖြစ်ပါသည်။ ကျန်သောလများတွင် နေ့စား အလုပ်များသွားရောက်လုပ်ကိုင်ကြသောကြောင့် ဝင်ငွေအနည်းငယ်ရှိကြပါသည်။ ထွက်ငွေများအနေဖြင့်စိုက်ပျိုးချိန် အတွက်မြေသြဇာများ၊ မျိုးစေ့များ ဝယ်ရသောအချိန်တွင် ထွက်ငွေပိုများပါသည်။ ကလေးများ၏ ပညာရေးအတွက် ကုန်ကျစရိတ်များမှာ နှစ်စဉ် တိုးလာလျက်ရှိပါသည်။ ကုန်ဈေးနှုန်း များလည်း တက်လာသည်နှင့်အမျှ ငွေကြေးအခက်အခဲများလည်း ပိုမို ရင်ဆိုင်လာကြရပါသည်။ ဝင်ငွေနည်းပါးပြီး ထွက်ငွေပိုမိုများပြားနေကြောင်းလည်း တွေ့ရပါသည်။

ကျန်းမာရေးအနေဖြင့် မေလနှင့်ဇွန်လ များတွင် ဝမ်းပျက်ဝမ်းလျှောအဖြစ်များပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင်နာစေးချောင်းဆိုးခြင်းနှင့် တုတ်ကွေး ရောဂါ အဖြစ်များပါသည်။ အကြီးစားကပ်ရောဂါများ မရှိဖူးသော်လည်း ကျန်းမာရေး ဗဟုသုတ အားနည်းလျက်ရှိကြောင်း သိရပါသည်။

မော်ချီးစုစည်းကျေးရွာတွင် အဓိကပွဲတော်များအနေဖြင့် ခရစ္စမတ်ပွဲ နှင့် ကရင်နှစ်သစ်ကူးပွဲ စသည့်တို့ကိုအဓိက ကျင်းပကြပါသည်။ ဧပြီလနှင့်မေလတွင် သောက်သုံးရေရှားပါးသော ကာလဖြစ်သောကြောင့် အချို့မှာရေဝယ်ယူ သုံးစွဲရပြီး အချို့မှာနီးစပ်ရာ ကျေးရွာတွင် သွားရောက် ရေခပ်ယူသုံးစွဲကြရပါသည်။

စိုက်ပျိုးရာသီနားသောအချိန်တွင် အမျိုးသား များသည် ပန်းရံ၊ လက်သမားလုပ်ငန်းများ သွားရောက်လုပ်ကိုင်ကြပြီး အမျိုးသမီးများသည် ကြက်၊ဝက်မွေးမြူခြင်းဖြင့် ဝင်ငွေရရှိအောင် ဆောင်ရွက်ကြပါသည်။ အချို့အမျိုးသမီးများသည် ဟင်းသီးဟင်းရွက်၊ ငါးပိ၊ ငါးခြောက်၊ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ ၊ အဝတ်အထည် စသည်တို့ကို မော်ချီးတွင် သွားရောက် ရောင်းချခြင်းဖြင့် ဝင်ငွေရရှိအောင်ဆောင်ရွက်ကြပါသည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ထော်လော်ကီ | အပ်ချုပ်စက် | ဆိုင်ကယ် |
| ပန်းရံ | ချည်ထိုးပန်းထိုး | တောင်ယာ |
| လက်သမား | ကြက်ဂက်မွေးမြူခြင်း | ဖာလာခြံ |
| | ဈေးဆိုင် | စက်ဘီး |
| | စိုက်ပျိုးရေး | မူကြိုကျောင်း |
| | | ဘုရာကျောင်း |
| | | ကား |
| | | ဖုန်း |
| | | တီဗီ |

# အရင်းအမြစ်ထိန်းချုပ်မှု/ဆုံးဖြတ်မှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ထော်လော်ကီ | ကြက်၊ဝက်မွေးမြူခြင်း | ဆိုင်ကယ် |
| ပန်းရံ | မူကြိုကျောင်း | တောင်ယာ |
| လက်သမား | ချည်ထိုး၊ပန်းထိုး | ဖာလာခြံ |
| ကား | အပ်ချုပ်စက် | ဘုရားကျောင်း |
| | ဈေးဆိုင် | ဖုန်း |
| | စိုက်ပျိုးရေး | တီဗီ |
| | | စက်ဘီး |


# ပိုင်ဆိုင်မှုသုံးသပ်ချက်

မော်ချီးစုစည်းကျေးရွာရှိအမျိုးသားများသည် စက်ပစ္စည်းများဖြစ်သော ကား၊ ထော်လော်ဂျီ၊ ပန်းရံ ၊ လက်သမား စသည့်တို့ကို အမျိုးသားများကသုံးစွဲပြီး အမျိုးသားများကိုယ်တိုင် ထိန်းချုပ်ကြပါသည်။ ထို့သို့အမျိုးသားများသာ ထိန်းချုပ်သုံးစွဲရခြင်းမှာ အမျိုးသားများသည် စက်ပစ္စည်းနှင့် ပတ်သက်ပြီး ပိုမိုနားလည်ပြီး ပြုပြင်တတ်သောကြောင့်ဖြစ်သည်။ စက်ပစ္စည်းနှင့် ပတ်သက်ပြီးရောင်းဝယ်ရာတွင် အမျိုးသားများ ပိုမိုနားလည်သော ကြောင့် အမျိုးသားများကသာ ဆုံးဖြတ်ကြပါသည်။

အမျိုးသမီးများသည် ကြက် ၊ ဝက် မွေးမြူရေး၊ အပ်ချုပ်စက် ၊ချည်ထိုးပန်းထိုး၊ ဈေးဆိုင် စသည့်တို့ကို သုံးစွဲပြီး အမျိုးသမီးများကိုယ်တိုင် ထိန်းချုပ်ကြပါသည်။ ကျေးရွာရှိ အမျိုးသားများသည် လက်သမား၊ ပန်း ရံ ကျွမ်းကျင်သောသူများရှိပါသည်။ ဆိုင်ကယ်၊ တီဗီ၊ ဖုန်း၊ ဘုရားကျောင်း၊ စက်ဘီး၊တောင်ယာ၊ ဖလာခြံ စသည့်တို့ကို အမျိုးသား နှင့် အမျိုးသမီးအတူတကွ သုံးစွဲပြီး အတူတကွထိန်းချုပ်ဆုံးဖြတ်ကြပါသည်။ ကြက်၊ ဝက်မွေးမြူရေး လုပ်ငန်းများကို အမျိုးသမီးများကသာထိန်းချုပ်သည်သာမက ကြက်၊ဝက်ရောင်းဝယ်ရာတွင် လည်း အမျိုးသမီးများကသာ ဆုံးဖြတ်ဆောင်ရွက်ကြပါသည်။ထို့ပြင် အမျိုးသမီးများသည် ဟင်းသီးဟင်းရွက်၊ ငါးပိ၊ ငါးခြောက်၊ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ ၊ အဂတ်အထည် စသည့် တို့ကို မော်ချီးဒေသတွင် သွားရောက် ရောင်းချကြပါသည်။အချို့အမျိုးသမီးများက အိမ်တွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးများ လုပ်ကိုင်ကြပါသည်။

ပိုင်ဆိုင်မှုအများစုကို အမျိုးသားနှင့် အမျိုးသမီးအတူတကွ သုံးစွဲထိန်းချုပ်ကြပါသည်။ ဆုံးဖြတ်ချက်ချရာတွင်လည်း အတူတကွတိုင်ပင်ဆုံးဖြတ်ကြပါသည်။ မော်ချီးစုစည်းကျေးရွာရှိ အိမ်ထောင်စုများ သည် အမျိုးသားဦးဆောင်သော အိမ်ထောင်စုများရှိ သကဲ့သို့ အမျိုးသမီးများဦးဆောင်သော အိမ်ထောင်စု များလည်းရှိပါသည်။ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများသည်လည်း လယ်ယာ လုပ်ငန်းများ၊ ဈေးဆိုင်လုပ်ငန်းများ၊ ရောင်းဝယ်ခြင်းလုပ်ငန်းများဖြင့် သာအသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ ကျေးရွာရှိ အမျိုးသမီးများအချို့သည် ပြောရဲဆိုရဲမရှိခြင်းနှင့် ဆုံးဖြတ်ချက် ချရာများတွင်အားနည်းနေပါသည်။ အမျိုးသမီးများကို ပိုမိုဦးစားပေးလက်တွဲခေါ်ခြင်းဖြင့် ကျေးရွာ၏ လုပ်ငန်းများတွင်ပိုပြီး ပူးပေါင်းပါဝင်လာပြီး ပြောရဲဆိုရဲ ရှိလာမည်ဖြစ်သည်။

# ပင့်ကူအိမ် သုံးသပ်ချက်ပြပုံ



## ပင့်ကူအိမ် သုံးသပ်ချက်


မော်ချီးစုစည်းကျေးရွာရှိ အမျိုးသမီးများသည် ဂင်ငွေရရှိမှုအခြေအနေနည်းပြီး အိမ်မှုကိစ္စနှင့်သာ ပိုမိုအချိန်ကုန်ကြသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်မှု၊ ပါဂင်မှုများအားနည်း သောကြောင့်ဆုံးဖြတ်ချက်ချရာတွင် အားနည်းကြပါသည်။ ထို့သို့အိမ်မှုကိစ္စများ နှင့်သာပိုမိုအချိန်ကုန်နေ ကြသောကြောင့် ဂင်ငွေရသောလုပ်ငန်း များဆောင်ရွက်နိုင်ခြင်းမရှိခြင်းကြောင့် အမျိုးသမီးများ အတွက်ဂင်ငွေ ရရှိမှုနည်းပါးကြပါသည်။

ကျေးရွာရှိ အမျိုးသားများသည် မော်ချီးဒေသတွင်လုပ်ငန်းသွားရောက်လုပ်ကိုင်ကြသောကြောင့် ကျေးရွာတွင် အမျိုးသမီးများနှင့် ကလေးငယ်များသာကျန်ရှိသောကြောင့် အမျိုးသမီးများသည် အိမ်မှုကိစ္စကိုရာနှုန်းပြည့်ဆောင်ရွက်ကြရပါသည်။ အမွေရပိုင်ခွင့်တွင် အမျိုးသမီးနှင့် အမျိုးသားတန်းတူ အခွင့်အရေးရရှိကြပါသည်။ ကျေးရွာ၏ သာရေး/နာရေးနှင့်လူမှုရေးများတွင်အမျိုးသားနှင့် အမျိုးသမီး အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာရှိအမျိုးသမီးများသည် အချို့မှာပြောရဲဆိုရဲရှိပြီး အချို့မှာပြောရဲဆိုရဲမှုအားနည်းနေကြပါသည်။ ထို့သို့အားနည်းခြင်းကြောင့် ကျေးရွာ၏လုပ်ငန်းများတွင် ဦးဆောင်မှု နှင့်ဆုံးဖြတ်ချက်ချရာတွင် အားနည်းနေကြပါသည်။ အမျိုးသားများကသာဦးဆောင်ပြီး ဆုံးဖြတ်ချက်ချ ကြပါသည်။ အမျိုးသမီးများကို အသိပညာပေးဆွေးနွေးပွဲများနှင့် ရွာ၏လုပ်ငန်းများတွင် အမျိုးသမီးများကိုပိုမို လက်တွဲခေါ်ရမည်ဖြစ်သည်။ ထို့ပြင်အမျိုးသမီးများကို ပိုမိုအားပေးပြီး ပြောရဲဆိုရဲရှိလာစေရန်၊ ဆုံးဖြတ်ချက်များချနိုင်စေရန်နှင့် ဦးဆောင်နိုင်စေရန် ကူညီပံ့ပိုးပြီးအတူတကွ လုပ်ဆောင်သွားရမည် ဖြစ်ပါသည်။

လုပ်အားခဂင်ငွေနှင့်ပတ်သက်ပြီး အမျိုးသားများသည် အခြားဒေသတွင် သွားရောက်အလုပ်လုပ် ကိုင်ကြသောကြောင့် အမျိုးသမီးများထက် ဂင်ငွေပိုများပါသည်။ ဦးဆောင်ခွင့်တွင် အမျိုးသားများသည် အမျိုးသမီးများ ထက် ပိုမိုဦးဆောင်ပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဂင်ကြပါသည်။ သို့သော် အချို့နေရာများဖြစ်သော မူကြိုကျောင်းနှင့် ပတ်သက်သောလုပ်ငန်း၊ ကျန်းမာရေးနှင့်ပတ်သက်သော ကိစ္စများတွင်အမျိုးသမီးများက ဦးဆောင်လုပ်ကိုင်ကြပါသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့် အလမ်းများတွင် အမျိုးသမီးများထက်များပြီး အမျိုးသမီးများသည် အိမ်မှုကိစ္စ နှင့်သာအချိန်ကုန်နေကြသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

# အဖွဲ့အစည်းများ ချိတ်ဆက်မှု ပြပုံ ( ကျေးရွာအတွင်း/ ကျေးရွာပြင်ပ)

အဖွဲ့ အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ

ကျား- ၁၄

မ- ၃၁

မှတ်တမ်းတင်သူ

အမည် - ဒေါ်ခရစ္စတင်းလှုန်ယဉ်

ရာထူး - [illegible]

# အဖွဲ့အစည်းများ ချိတ်ဆက်မှု ပြပုံသုံးသပ်ချက်

မော်ချီးစုစည်းကျေးရွာတွင် ကျေးရွာအတွင်း အဖွဲ့အစည်းများအနေဖြင့် အမျိုးသမီးအသင်း ၊ အမျိုးသားအသင်း၊ လူငယ်အသင်း ၊ မူကြိုကော်မတီ ၊ ကျန်းမာရေးကော်မတီ ၊ အုပ်ချုပ်ရေးမှူးအဖွဲ့ ၊မြစိမ်းရောင် စသောအဖွဲ့အစည်းများရှိပါသည်။ အမျိုးသား၊အမျိုးသမီး၊လူငယ်အသင်းများသည် သာရေး/နာရေး ၊ဘာသာရေး နှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အတူတကွချိတ်ဆက်ပြီး အလုပ်လုပ်ဆောင်ကြပါသည်။ မူကြိုကော်မတီသည် မူကြိုကျောင်းနှင့် ပတ်သက်သော သန့်ရှင်းရေး ၊ ပြုပြင်ထိန်းသိမ်းရေး စသည်တို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့ ၊ အမျိုးသား /အမျိုးသမီးများအဖွဲ့ စသည်တို့နှင့်ချိတ်ဆက်ပြီး ဆောင်ရွက်ကြသည်။ ကျန်းမာရေးကော်မတီသည် ကျန်းမာရေးရန်ပုံငွေအတွက်တစ်လ တစ်ခါ (၁၀၀၀) ကျပ်ကောက်ခံပြီး ကျန်းမာရေးရန်ပုံငွေထားရှိကြပါသည်။ ရရှိသောရန်ပုံငွေများကို ဆေးရုံတက်ပြီး အမှန်တကယ်လိုအပ်သောသူများကို ကူညီကြပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းများအနေဖြင့် world Vision ၊ Vision Fund ၊ အမျိုးသမီးရေးရာအဖွဲ့၊ မြစိမ်းရောင် အဖွဲ့စသော အဖွဲ့အစည်းများရှိပါသည်၊ world Vision အဖွဲ့သည် ကျေးရွာရှိမူကြိုကျောင်းဆရာမများကို လစာထောက်ပံ့ပေးခြင်း ၊ ကလေးငယ်များကို အာဟာရကျွေးခြင်း စသည်တို့ကူညီပံ့ပိုးပေးပါသည်။ Vision Fund အဖွဲ့သည် ကျေးရွာလူထုများစားဝတ်နေရေး အဆင်ပြေစေရန်အတွက် ချေးငွေများထုတ်ပေးပြီးကူညီပံ့ပေးပါသည်။ အမျိုးသမီးရေးရာအဖွဲ့များသည် ကျေးရွာလူထုများအတွက် ကျန်းမာရေးနှင့်ပတ်သက်ပြီး အသိပညာပေးခြင်း ၊ အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး ဟောပြောဆွေးနွေးအသိပညာပေးခြင်း စသည့်တို့ကို ဆောင်ရွက်ပေးပါသည်။ မြစိမ်းရောင်အဖွဲ့သည်လည်း ကျေးရွာလူထုများမှစားဝတ်နေရေး အဆင်ပြေစေရန်အတွက် ချေးငွေများ ထုတ်ပေးခြင်း ဖြင့် ကျေးရွာလူထုများသည်လည်းရရှိသောငွေဖြင့် မွေးမြူရေး၊ စိုက်ပျိုးရေး၊ ဈေးဆိုင်လုပ်ငန်းများ တွင်အသုံးပြုခြင်း ဖြင့်ပိုမိုအဆင်ပြေလာခဲ့သည်။ CDD အဖွဲ့သည် ကျေးရွာတွင်ကော်မတီများဖွဲ့ပြီး ထိုကော်မတီများ ကို သင်တန်းများပေးခြင်းနှင့် ကျေးရွာလူထုများနှင့်တွေ့ဆုံကာ အစည်းအဝေးများကျင်းပြီး ကျေးရွာအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော လုပ်ငန်းများကိုဖော်ထုတ်ဆွေးနွေးခြင်း ၊ လိုအပ်လျက်ရှိသော လုပ်ငန်းများသည် အ ကျုံးဝင်သောလုပ်ငန်းဖြစ်ပါကတွက်ချက်ဆောင်ရွက်ပေးခြင်း စသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းမျာကို ဆောင်ရွက် ပေးလျက်ရှိပါသည်။

# ကျေးရွာစီ/ထောက်ကော်မတီ ဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**

၁။ ဦးယောဟန်

၂။ ဒေါ်မာရိယာ

**စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ**

၁။ ဦးနေဝင်း

၂။ ဒေါ်မူးရာဖော

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**

၁။ ဦးဂင်းအောင်

၂။ ဒေါ်စိုးစိုးအောင်

**ဂယ်ယူရေးကော်မတီ**

၁။ ဦးစောလားပေါ်ပွယ်

၂။ ဒေါ်နန်းချော

**စေတနာ့ဂန်ထမ်း**

၁။ ဦးစောမားနာမူး

၂။ ဒေါ်ဂါဂါမြင့်

**ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ**

၁။ ဦးစောပလယ်ဖိုး

၂။ ဒေါ်သျှားမိုး

**ငွေစာရင်းကိုင်**

၁။ ဒေါ်နော်ရာဖော

**ပါဂင်ဆွေးနွေးသူ**

ကျား - ၁၄

မ - ၃၁

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး -လူထုစည်းရုံးရေးမှူး

# ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာအုပ်စုစီထောက်ကော်မတီဥက္ကဋ္ဌ**

၁။ ဦးသဲရယ် (ခ) ဦးတီရယ်

၂။ ဒေါ်ဒေစီ

ဘဏ္ဍာရေးဆပ်ကော်မတီ

ဥက္ကဋ္ဌ

၁။ ဦးပိုးရယ်

စာရင်းကိုင်

၁။ ဒေါ်မာရီယာ

အဖွဲ့ဝင် (ငွေထိန်း)

ဦးထျားရယ်

အုပ်စုကော်မတီအဖွဲ့ဝင်များ

၃၅ ဦး

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၄၃

မ - ၃၉

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခရစ္စတင်းလုဒ်ငယ်

ရာထူး -လူထုစည်းရုံးရေးမှူး

# အုပ်စုကော်မတီ အဖွဲ့ဝင်များ

| စဉ် | ကျေးရွာအမည် | ကော်မတီဝင်အမည် | |
|---|---|---|---|
| | | ကျား | မ |
| ၁ | ထေးပလော်ခူ | ဦးဖရေရယ် | ဒေါ်ထွေးမြာ |
| ၂ | မြေနီကုန်း | အုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ | ဒေါ်မာရီစလင်း |
| ၃ | ပျားကန် | ဦးယိုရှု | ဒေါ်နော်ထူးစေး |
| ၄ | ထီးသူးကူး | အုပ်စုစီထောက် | ဒေါ်မာရီ |
| ၅ | (၃)မိုင်ပကြံ | ဦးပေါလူ | ဒေါ်ငါးမြာဝင်း |
| ၆ | မော်ချီးစုစည်း | ဦးယောဟန် | အုပ်စုစာရင်းကိုင် |
| ၇ | လင်ဖုံအောက် | ဦးမြင့်ခိုင် | ဒေါ်နန်းငဲမူ |
| ၈ | လင်ဖုံထက် | ဦးခွန်ကြူး | ဒေါ်နန်းခမ်းကျော် |
| ၉ | ဒေါခေါ်ခူ | ဦးငါးရယ် | ညေးမြာ |
| ၁၀ | ကယန်းကြခူ | အုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ | ဒေါ်ဘဲမယ် |
| ၁၁ | ပဒါးညေး | ဦးပန်းစိန် | ဒေါ်ခင်စိန် |
| ၁၂ | လယ်ထွဲရွာသစ် | ဦးတီးခွန် | ဒေါ်ရွှေကြာ |
| ၁၃ | လယ်ထွဲရွာဟောင်း | ဦးမောင်ငယ် | ဒေါ်ပန်းငွေ |
| ၁၄ | နွားလဝိုးစံပြ | ဦးဘဲရယ် | ဒေါ်ဘယ်ရောနီကာ |
| ၁၅ | နွားလဝိုးရွာမ | ဦးကျော်မင်းသိုက် | ဒေါ်ညိုညိုစန်း |
| ၁၆ | ကယန်းသာယာတောင် | ဦးဒါးဝီ | အုပ်စုစီထောက် |
| ၁၇ | ထီရီ | ဦးမောင်ဦး | ဒေါ်လှဝင်းကြည် |
| ၁၈ | ကယန်းသာယာမြောက် | ဦးမီးနို | ဒေါ်ရှုသာ |
| ၁၉ | အောင်သပြေကုန်း | ဦးနေထိုင်း | ဒေါ်စီးကာ |
| ၂၀ | ကျောက်ကြီးတောင် | ဦးသန်းထွန်းလင်း | ဒေါ်ပြုံးရွှင် |

## ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် | |
|---|---|---|---|
| ဦးစောကယ်ဘွယ် | 09-440273021 | ဒေါ်အဲကျွဲသင်းလှမ်းဝယ် | |
| ပြည်နယ်၊ ~~တိုင်းဒေသကြီး~~ ၊ ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဒူးလဝိုး | ကျေးရွာ မော်ချီသူခည်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)--ကရင်- | ၅၆ | ဘာသာ(၁)--ဗုဒ္ဓ---- | ၅ |
| လူမျိုးစု (၂)--ကယား | ၄ | ဘာသာ(၂)-ခရစ်ယာန် | ၅၈ |
| လူမျိုးစု (၃)--ဗမာ--- | ၃ | ဘာသာ(၃)------------ | |
| | | | |
| လူမျိုးစုရော------------- | | ဘာသာရော------------ | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | ၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅ |
| စစ်ဘေးရှောင် | - |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | ၁၇၈ | ၂၁၃ | ၃၉၁ |
| လူမျိုးစု (၁)-ကရင်- | ၁၅၈ | ၁၈၄ | ၃၄၂ |
| လူမျိုးစု (၂)-ကယား | ၁၃ | ၁၅ | ၂၈ |
| လူမျိုးစု (၃)-ဗမာ--- | ၇ | ၁၄ | ၂၁ |
| အခြား | - | - | - |
| အိမ်ထောင်ဦးစီး | ၅၄ | ၉ | ၆၃ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက် ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေး ဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေတိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း    (ကတ္တရာလမ်း)    ကွန်ကရစ်လမ်း    မော်တော်ဆိုင်ကယ်လမ်း

(ကျောက်ခင်းလမ်း)    (မြေသားလမ်း)    လူသွားလမ်း    အခြား ကျောက်ချောလမ်း

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဗိုင်းပါ

